ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

ကြေညာချက်အမှတ် ( ၁ /၂၀၂၀)

၁၃၈၁ ခုနှစ်၊ ပြာသိုလဆုတ် ၁၁ ရက်

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၀ ရက်

## ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကိုယ်စားလှယ်လုပ်ငန်းလိုင်စင်လက်မှတ် ထုတ်ယူနိုင်ရန်အတွက် ကြေညာခြင်း

၁။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM) သည် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီကိုယ်စားလှယ်လုပ်ငန်းလိုင်စင်အတွက် စတုတ္ထအကြိမ် အရည်အချင်းစစ်စာမေးပွဲကို (၇-၁၂-၂၀၁၉) ရက်နေ့တွင် ကျင်းပခဲ့ပြီး (၃၀-၁၂-၂၀၁၉) ရက်စွဲပါ ကြေညာချက်အမှတ် (၈/၂၀၁၉) ဖြင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကိုယ်စားလှယ်လုပ်ငန်းလိုင်စင်အတွက် အောင်စာရင်း ထုတ်ပြန်ခဲ့ပါသည်။

၂။ အဆိုပါ လုပ်ငန်းလိုင်စင်စာမေးပွဲအောင်မြင်သူများသည် လိုင်စင်လက်မှတ် ထုတ်ယူနိုင်ရန်အတွက် လျှောက်လွှာ၊ ဓာတ်ပုံ (၂) ပုံ (size 1.5") နှင့် လုပ်ငန်းလိုင်စင်ကြေး ကျပ် ၅၀,၀၀၀/- (ကျပ်ငါးသောင်းတိတိ) ကို မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ (၂) ရှိ SECM ၏ ငွေစာရင်းအမှတ်၊ MD-010123 သို့ ပေးသွင်းပြီး ငွေသွင်းချလန်မိတ္တူ တို့နှင့်အတူ ( ၃၁-၁-၂၀၂၀ ) နေ့ နောက်ဆုံးထား၍ SECM ရုံးသို့ လာရောက်ပေးပို့ရမည်ဖြစ်ပါသည်။

၃။ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီကိုယ်စားလှယ်လုပ်ငန်းလိုင်စင် ကိုင်ဆောင်သူများ၏ လိုင်စင်သက်တမ်းမှာ (၂) နှစ်ဖြစ်ပြီး ငွေချေးသက်သေခံလက်မှတ်များလဲလှယ် ရောင်းဝယ်ရေး ဥပဒေပုဒ်မ ၂၉ အရ လိုင်စင်သက်တမ်းတိုးလျှောက်ထားလိုပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း (၃၀) ကြိုတင်၍ ကော်မရှင်သို့ လျှောက်ထားရမည်ဖြစ်သည်။

ဥက္ကဋ္ဌ (ကိုယ်စား)
(တင်တင်အုန်း၊ အတွင်းရေးမှူး)